www.burmeseclassic.com


မသိတာလေးတွေကို ကိုယ်သိမှာ အမှန်ပဲ။ ဘယ်သူမှ မသိတာကို ကိုယ်သိလာတာ အမှန်ပဲ၊ သူများမမြင်တဲ့ ရှုထောင့်၊ ဆက်စပ်မှုလေးတွေကို တဖြည်းဖြည်း မြင်လာတာပဲ။

ဥပမာ–စိတ်ရဲ့သဘာဝကို စိတ်ဝင်စားတယ် ဆိုပါတော့၊ စိတ်ဝင်စားတယ်ဆိုရင် ဘာသာရေးစာပေထဲမှာ ကြည့်ရင်လည်း စိတ်ရဲ့သဘာဝဆိုတာ တွေ့တာပဲ။ ဘုရားဟောထဲမှာဆို စိတ်အကြောင်း၊ စေတသိက်အကြောင်း အများကြီးရှိတယ်။ တရားအားထုတ်တဲ့အပိုင်းမှာ ဆိုရင်လည်း စိတ်ကို ကြည့်ပြီးတော့ သိပြီးတော့ နေတဲ့အကျင့် ရှိနေတာပဲ။ အနောက်နိုင်ငံမှာ စိတ်ပညာဆိုတာ ရှိတာပဲ။ စိတ်ပညာဆိုတာမှာလည်း ရှုထောင့်အမျိုးမျိုး၊ ရှင်းပြပုံအမျိုးမျိုး ရှိနေတော့ အဲဒါတွေအကုန်လုံးကိုလည်း စိတ်ပါလက်ပါ နှစ်ရှည်လများ လေ့လာခဲ့မယ်ဆိုရင် ဒီလူရဲ့အသိအမြင်ဟာ သူ လေ့လာထားတာတွေ အားလုံးကို ဆက်စပ်ပြီး မြင်တော့မှာပဲ။

အများကြီးကို လေ့လာထားတဲ့အတွက်ကြောင့် သူများ မမြင်တဲ့ ဆက်စပ်မှုကို မြင်မှာ အမှန်ပဲ။ အဲသလို မြင်လာတဲ့အခါမှာ ဒါ ငါ့ကိုယ်ပိုင် ဉာဏ်နဲ့ သိလိုက်တာ၊ မြင်လိုက်တာဆိုတဲ့ ခံစားမှုနဲ့၊ ကျေနပ်မှုကို ရမှာပဲ။ ဒါဟာ အထင်မဟုတ်တော့ဘူးနော်။ နှစ်ပေါင်းများစွာ လုပ်လာတဲ့အခါကျတော့ ဒါဟာ ငါ့ဉာဏ်နဲ့ငါ သိလိုက်တဲ့ကိစ္စပဲဆိုတာကို အမှန်အတိုင်း သိတယ်။

အကြောင်းအရာတစ်ခုခုကို ကိုယ်ပိုင်ဉာဏ်နဲ့ သိလိုက်ရတယ်ဆိုတာ စိတ်ထဲမှာ အတော်အားရတာပဲ။ ကိုယ့်ကိုယ်ကိုလည်းပဲ ယုံကြည်မှု အများကြီး တက်တယ်၊ တန်ဖိုးထားမှုလည်း အများကြီး တက်တယ်။ feeling of worthiness အများကြီး တက်လာတယ်။ ပြီးတော့ ငါ တကယ်သိတယ်ဆိုတာ သေချာတယ်။ ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား၊ မှားများနေမလားဆိုတဲ့ အတွေးမျိုး အစပိုင်းမှာတော့ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ချင့်ချင့်ချိန်ချိန်နဲ့ နှစ်ရှည်လများ လေ့လာတဲ့အခါကျတော့ ဟုတ်တယ်ဆိုတာကို ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား သိလာနိုင်တယ်။

လူတစ်ယောက်ဟာ လူ့ဘဝမှာ အရေးကြီးတဲ့ ကိစ္စတချို့ကိုတော့ 'ဟုတ်တယ်'လို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်ဖို့ လိုအပ်ပါတယ်။ ဘာကိုမှ ပိုင်ပိုင်နိုင်နိုင် မသိရပဲနဲ့ ဟုတ်သလိုလို မဟုတ်သလိုလို ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ချင်လည်း မဟုတ်ဘူးပေါ့ ဆိုတာမျိုးနဲ့ တစ်သက်လုံး နေသွားရတဲ့ဘဝဟာ တော်တော်ကို မရေရာတာပဲ။

အခုခေတ်လူတွေက ဗဟုသုတ အင်မတန်များပြီးတော့ ဘယ်ဘာသာရပ်ကိုမှ ပိုင်ပိုင်နိုင်နိုင် နက်နက်နဲနဲ မသိကြဘူး။ မသိလို့ ကိုယ့်ကိုယ်ကိုယုံကြည်မှု အပြည့်မရှိဘူး။ အကြောင်းအရာတစ်ခုခုနဲ့ ပတ်သက်ပြီး ပြောစမ်းပါဆိုရင် အားရပါးရ ပိုင်ပိုင်နိုင်နိုင် မပြောနိုင်ဘူး၊ မတင်မကျပဲ။ ကိုယ်ကိုယ်တိုင်က မရေမရာ မတင်မကျ ဖြစ်နေတဲ့အခါကျတော့ တခြားလူတစ်ယောက်က တစ်ခုခု ပြောလာရင်လည်း ကိုယ်နဲ့ပဲ နှိုင်းပြီးတော့ အင်း–သူလည်းပဲ ငါ့လိုပဲ မရေမရာ မတင်မကျ စိတ်ကြီးနဲ့ ပြောနေတာပါလို့ ထင်ချင် ထင်နေအုံးမှာပဲ။

ကိုယ့်ကိုယ်ကို တကယ်ယုံကြည်မှု မရှိတဲ့သူဟာ၊ သူများ ပြောတာကိုလည်း တကယ်ယုံကြည်မှု မရှိဘူး။

အဲသလို မရေရာမှုတွေ အင်မတန် များနေတဲ့ခေတ်မှာ လူတွေရဲ့စိတ်က တစ်ခုခုကို ဖောက်ချပြီး ဘယ်လိုလုပ် လုပ်လို့ရမလဲ။ အဲဒါဟာ အင်မတန်ကြီးမားတဲ့ ပြဿနာပဲ။

## ဘယ်လိုလူဖြစ်ချင်သလဲ

ဘဝသံသရာကို တကယ်နားလည်ပြီး
လက်ခံတဲ့လူအဖို့ဆိုရင်တော့ ဘဝသံသရာ တစ်ခုလုံးမှာ
ငါ ဘာကို ရည်မှန်းချက်ထားမလဲဆိုတာ မေးမယ်ဆိုရင်
လွယ်လွယ်နဲ့ ဖြေလို့မရဘူး ။

နောက်တစ်ချက်ကလည်း ကိုယ် တစ်ခုခုကို ရည်မှန်းချက်ထားလိုက်ပြီဆိုရင် အဲဒီရည်မှန်းချက်နဲ့ပတ်သက်ပြီး ကိုယ်ထားတဲ့ ရည်မှန်းချက်ဟာ တကယ် real ဖြစ်ရဲ့လား၊ တကယ်ဖြစ်နိုင်တဲ့ ရည်မှန်းချက် ဟုတ်ရဲ့လားဆိုတာ မသိဘူး။ စိတ်ထဲမှာ မသေချာဘူး။

ဘာကို ရည်မှန်းရမှန်း မသိတာလည်း ပြဿနာတစ်ခုပဲ။ ငယ်ငယ်ဘဝနေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြောမယ်ဆိုရင် တစ်လစာ၊ နှစ်လစာ၊ တစ်နှစ်စာ၊ နှစ်နှစ်စာ၊ ဘာကို ရည်မှန်းချက်ထားမယ်ဆိုတာ အသင့်အတင့် ပြောလို့ရတယ် ထားအုံးနော်၊ (ဒါတောင် များသောအားဖြင့် အခုခေတ်က ရုပ်ပိုင်းကိုပဲ ရည်မှန်းချက် ထားကြတာ များလာတယ်။ ) တစ်သက်လုံး ရည်မှန်းချက် ထားရမယ့်အရာဟာ ဘာလဲလို့ မေးရင် တော်တော် ဖြေရခက်သွားပြီနော်။ ဒါတင်မကသေးဘူး၊ ဘဝသံသရာကို တကယ်နားလည်ပြီး လက်ခံတဲ့လူအဖို့ ဆိုရင်တော့ ဘဝသံသရာ တစ်ခုလုံးမှာ ငါ ဘာကို ရည်မှန်းချက်ထားမလဲဆိုတာ မေးမယ်ဆိုရင် လွယ်လွယ်နဲ့ ဖြေလို့မရဘူး။

What do you want? ဘာကို လိုချင်သလဲလို့ မေးရင် ကိုယ် လိုချင်နေတဲ့ပစ္စည်းကို ပြောနိုင်တယ်။

What do you want to be? ဘယ်လိုလူ ဖြစ်ချင်သလဲလို့ မေးရင် နဲနဲ ဖြေရခက်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူများစုဟာ ငယ်ငယ်ကတည်းက ဘယ်လိုလူဖြစ်ချင်တယ်လို့ ရည်မှန်းရမှန်း မသိခဲ့ဘူး။ ပြင်ပ အရာဝတ္ထုကိုပဲ အဓိကရည်မှန်းတာ များခဲ့တယ်။ ငွေလိုချင်တယ်။ ပစ္စည်း လိုချင်တယ်။ ရာထူး လိုချင်တယ်။ ကျော်ကြားမှု လိုချင်တယ်။ လိုချင်တာတွေဟာ များသောအားဖြင့် ပြင်ပမှာရှိနေတာတွေ ဖြစ်တယ်။ ငါဘယ်လိုလူ ဖြစ်ချင်တယ်၊ ဘယ်လိုစိတ်ထားမျိုးကို လိုချင်တယ်။ ဘယ်လို အသိဉာဏ်မျိုးကို လိုချင်တယ် ဆိုပြီး ရည်မှန်းချက်ထားတဲ့သူက တော်တော်နဲတယ်။

ဘာကိုမှ မယုံတော့လို့
ဘာမှ မပြတ်သားတဲ့လူဟာ ဘယ်မှာ အားတက်နိုင်တော့မလဲ။

လူတွေမှာ ရေရှည် ရည်မှန်းချက် မပြတ်သားဘူး။ ဒါကို ငါတကယ် ရည်မှန်းချက်ထားတယ်၊ အမြဲတမ်း ဒီဟာကိုပဲ ဦးတည်ပြီး သွားနေတော့မယ်လို့ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘူး။ ငါ ရည်မှန်းချက်ထားတဲ့ ပန်းတိုင်ဟာ တကယ်ရှိတဲ့အရာပါ၊ တကယ်ဖြစ်နိုင်တဲ့အရာပါလို့ ပြတ်ပြတ်သားသား မပြော နိုင်ဘူး။

www.burmeseclassic.com